မြန်မာဗိုလ်ချုပ်ကြီးများသည် ဆယ်နှစ်ကျော်ကာလအတွင်း Mytel မှ အမြတ်ငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် ရရှိမည်ကို JFM က တွေ့ရှိသည်။

Mytel ကို ချက်ချင်း ပိတ်ဆို့အရေးယူရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ လျော့ချရန် JFM က တောင်းဆိုသည်။

၂၀၂၁ ခုနှစ် မတ်လ ၄ ရက်။ Mytel အမြတ်အစွန်း ရနိုင်ချေလျှို့ဝှက်ချက်အပေါ် Justice For Myanmar တွက်ချက်မှုက မြန်မာစစ်တပ်သည် စစ်တပ်က ထိန်းချုပ်ထားသော မိုဘိုင်းကွန်ရက် အော်ပရေတာတွင် ပါဝင်သော ၎င်းတို့၏ အစိုးရယ်ယာများအတွက် ဆယ်နှစ်ကျော်ကာလအတွင်း အမြတ်ခွဲဝေမှုအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် ရရှိနိုင်ကြောင်း ပြသနေသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ ပေးပို့သော Mytel ၏ အစီရင်ခံစာတွင်ပါဝင်သော ခန့်မှန်းချက်အရ မြန်မာစစ်တပ်သည် ဝေစုအမြတ်ငွေများကို ယခုနှစ်အစောပိုင်းမှ စတင်ရရှိနိုင်သည်။

Mytel ၏ အဆိုပြုလွှာမှာ Distributed Denial of Secrets (DDoSecrets) အဖွဲ့က အင်္ဂါနေ့က အွန်လိုင်းတွင် ထုတ်ပြန်သော ရင်းနှီးမြှုပ်နှံမှု အထောက်အထားများထဲတွင် ပါဝင်သည်။

Justice For Myanmar ပြောရေးဆိုခွင့်ရှိသူ ရတာမောင်က *"ဒီစက်ဆုပ်စရာကောင်းတဲ့ အမြတ်ငွေ ခန့်မှန်းချက်တွေဟာ Mytel ရဲ့ အန္တရာယ်ကို နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ လစ်လျူရှုထားလို့ မရဘူးဆိုတာ အရေးပေါ်သတိပေးနေပါတယ်။* ဒီအမြတ်အစွန်းတွေဟာ စစ်တပ်လွှမ်းမိုးမှုအောက်မှာ အလွန်အမင်း ဆင်းရဲဒုက္ခခံနေရတဲ့ ပြည်သူတွေဆီက ဖြစ်တယ်။ Mytel ကွန်ရက်ပေါ်မှာ ဖုန်းတစ်ခါခေါ်တိုင်း နဲ့ ဒေတာ တစ်ကီလိုဘိုက် သုံးတိုင်း ပြည်သူတွေရဲ့ ဖိနှိပ်မှုကို ငွေကြေးထောက်ပံ့မှု ဖြစ်စေပါတယ်။ ရက်စက်ပြီး အကျင့်ပျက်ခြစားနေတဲ့ မြန်မာစစ်အုပ်စုကို ပုဂ္ဂိုလ်ရေး အကျိုးအမြတ်တွေက တွန်းအားပေးနေပြီး သူတို့ရဲ့ အရှက်မဲ့တဲ့ သွေးထွက်သံယို တိုက်ခိုက်မှုတွေကို တွန်းအားပေးနေတာကတော့ လောဘပဲ ဖြစ်ပါတယ်။ Mytel အပေါ်မှာ ချက်ချင်း အရေးယူပိတ်ဆို့ဖို့နဲ့ Mytel နဲ့ Viettel စီးပွားရေး လုပ်ဖော်ကိုင်ဖက်တွေကို

JUSTICE FOR MYANMAR

အဆက်အသွယ်ဖြတ်ကြဖို့ ကျွန်မတို့ တောင်းဆိုပါတယ်။ လူသတ်သမားတွေနဲ့ လူထုရဲ့ ပိုင်ဆိုင်မှုကို လုယူသူတွေနဲ့ မဟုတ်ပဲ မြန်မာပြည်သူလူထုနဲ့ အတူ ရပ်တည်ကြပါ။" ဟု ပြောသည်။

အစိုးရ၏ Mytel ရှယ်ယာကို မြန်မာစစ်တပ်၏ ကျောထောက်နောက်ခံပြုထားသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ (USDP) အောက် အစိုးရက ရှယ်ယာပိုင်ရှင်အဖြစ် တာဝန်ပေးထားသော မြန်မာ စစ်တပ်ပိုင် စီးပွားရေး ကုမ္ပဏီဖြစ်သည့် Star High မှ တဆင့် ထိန်းချုပ်ထားသည်။ Justice For Myanmar ၏ စုံစမ်းစစ်ဆေးမှုက Star High သည် Myanmar National Telecom Holdings (MNTH) ကို အရင်းအနှီး ထည့်ဝင်ကာ ငွေကြေးထည့်သွင်းခြင်းအားဖြင့် Mytel တွင် ၎င်းတို့၏ ရှယ်ယာကို လျှို့ဝှက်စွာ တိုးမြင့်ထားကြောင်း တွေ့ရှိခဲ့သည်။ MNTH သည် Mytel တွင် ခရိုနီ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နိုင်စေရန် ပံ့ပိုးပေးသော အများပိုင် ကုမ္ပဏီဖြစ်သည်။ MNTH မှ ရှယ်ယာများ ရွှေ့ပြောင်းပြီးသော အခါ Mytel တွင် Star High ၏ ရှယ်ယာမှာ ၃၉% အထိ တိုးမြင့်လာနိုင်သည်။ MNTH သည် စစ်တပ်က ထိန်းချုပ်ထားသော အင်းဝ ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းကိုလည်း ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် MNTH ၏ ရှယ်ယာပိုင်ရှင် နိုင်ငံတကာ စွမ်းအင် ထုတ်လုပ်ရေး (IPG) က Mytel မှ ရင်းနှီးမြှုပ်နှံမှုများကို ရောင်းချကြောင်း ကြေညာခဲ့သည်။

မရတနာမောင်က ဆက်ပြောသည်မှာ *"Justice For Myanmar က IPG ရဲ့ ကြေညာချက်ကို ကြိုဆိုလိုက်ပြီး Mytel မှာ ရှိတဲ့ သူတို့ရဲ့ ရှယ်ယာတွေကို အလျင်အမြန် စွန့်ပစ်လိုက်ဖို့ သူတို့ကို တောင်းဆိုထားပါတယ်။ တခြား Mytel ရှယ်ယာ ပိုင်ရှင်တွေကလည်း IPG နောက်ကို လိုက်ကြရမှာ ဖြစ်ပြီး မြန်မာစစ်အုပ်စုနဲ့ လုပ်နေတဲ့ သူတို့ရဲ့ စီးပွားရေးကို အဆုံးသတ်ရပါမယ်။ စစ်အုပ်စုက ငြိမ်းချမ်းစွာ ဆန္ဒပြသူတွေအပေါ် ရက်စက်တဲ့ တိုက်ခိုက်မှုတွေကို အရှိန်မြင့်လာပြီး လမ်းတွေပေါ်မှာ သွေးချောင်းဆီးလာတာကြောင့် စီးပွားရေး လုပ်ငန်းတွေအနေနဲ့ ဆုံးဖြတ်ချက်ခိုင်မာတဲ့ လုပ်ဆောင်မှုတွေ လုပ်ဆောင်ကြဖို့နဲ့ စစ်တပ်ရဲ့ လူထုအပေါ် နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်မှုမှာ မပါဝင်ကြဖို့ တောင်းဆိုချက်ကို ကျွန်မတို့ ထပ်မံ တောင်းဆိုလိုက်ပါတယ်။"*

အယ်ဒီတာများအတွက် မှတ်ချက်။

Justice For Myanmar ၏ Mytel အမြတ်ငွေ ခန့်မှန်းချက်၏ မြန်မာစစ်တပ်၏ ရှယ်ယာများ ဆိုင်ရာ ဝက်ဆိုက်ဆောင်းပါးကို www.justiceformyanmar.org/stories/how-hundreds-of-millions-of-dollars-from-mytel-consumers-will-flow-to-military-generals တွင်ကြည့်ပါ။

See Justice For Myanmar၏ **Mytel** နှင့် **Viettel** တို့က မြန်မာစစ်တပ်၏ ရာဇဝတ်မှုများကို မည်ကဲ့သို့ ပံ့ပိုးနေသည်ကို https://www.justiceformyanmar.org/stories/nodes-of-corruption-lines-of-abuse-how-mytel-viettel-and-a-global-network-of-businesses-support-the-international-crimes-of-the-myanmar-military တွင် ကြည့်ပါ။

မြန်မာရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်ကို **DDoSecrets** ဝက်ဘ်ဆိုက် https://ddosecrets.com/wiki/Myanmar_Investments ပေါ်တွင် ဒေါင်းလုပ်ဆွဲပါ။

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိ သည်။

ဆုံး

ထပ်မံသိရှိလိုပါက -

ရတနာမောင်

အီးမေးလ် - media@justiceformyanmar.org

ဝက်ဆိုဒ် - https://www.justiceformyanmar.org/

ပုံတူဝက်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/

တွစ်တာ - @justicemyanmar

ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/